# လူနည်းစုများအပေါ် ပြုမူဆက်ဆံပုံသည်  မြန်မာနိုင်ငံအပေါ် တိုင်းတာနိုင်မည့် ပေတံတစ်ခု

Jim  Della – Giacoma  ရေးသားသည်။

**ခေါင်းစဉ်ခွဲ။     မြန်မာနိုင်ငံသည် ၎င်း၏ အံ့ဩသင့်ဖွယ် အသွင်ကူးပြောင်းရေးကို အောင်မြင်ရန်အတွက် မူဆလင်များအပေါ် အကြမ်းဖက်မှုများ ရပ်ပစ်ရမည်။**

ပြီးခဲ့သည့် မတ်လက မိတ္ထီလာမြို့တွင် ဖျက်ဆီးမှုများ၊ သတ်ဖြတ်မှုများ ပြီးကတည်းက မတူသော လူအုပ်စုများကြားတွင် ပဋိပက္ခများ ကြိုကြား ကြိုကြား ဆက်လက်ဖြစ်ပွားခဲ့ပါသည်။ ပြီးခဲ့သည့်အပတ်က သံတွဲမြို့နယ်တွင် ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူငါးဦးသေဆုံးပြီး အိမ်ငါးဆယ်ကျော် ဖျက်ဆီးခံခဲ့ရပါသည်။ အာဏာပိုင်များသည် ယခုနောက်ပိုင်း အဖြစ်အပျက်များတွင် ယခင်ကထက်စာလျှင် တုန့်ပြန်ပုံ ပိုမိုမြန်ဆန်လာပုံရလာသော်လည်း၊ အဆိုပါ သေလောက်အောင်ပြင်းထန်သော တိုက်ခိုက်မှုများသည် အစိုးရနှင့် အခင်းဖြစ်ပွားရာနေရာမှ လူ့အဖွဲ့အစည်းများထံမှ တိုးတက်မှုရှိသော တုန့်ပြန်မှုမရှိဘဲ ဆက်လက်ဖြစ်ပွားနေဦးမည်ဖြစ်ပါသည်။ အဆိုပါ အကြမ်းဖက်မှုများသည် မြန်မာနိုင်ငံ၏ ဖူးပွင့်စဒီမိုကရေစီကို ခြိမ်းခြောက်လျက်ရှိပြီး၊ လူတိုင်းက ပြဿနာကို အသိအမှတ်ပြုပြီး၊ အဖြေရှာမှုများနှင့်ပတ်သက်၍ သဘောတူညီမှု မရှိမချင်း အကြမ်းဖက်မှုများ ပျောက်သွားလိမ့်မည် မဟုတ်ပေ။

အစိုးရ၏ ပိုမိုထိရောက်သော တုန့်ပြန်မှုနှင့် လူမှုရေးနှင့်ဆိုင်သော သဘောထားခံယူချက် ပြောင်းသွားခြင်းများမရှိလျှင် အကြမ်းဖက်မှုများ ဆက်လက်ပြန့်ပွားမည့်အန္တရာယ် ရှိနေဦးမည်ဖြစ်ပါသည်။ အကယ်၍ ဆက်လက်ပြန့်ပွားနေဦးမည်ဆိုပါက မြန်မာနိုင်ငံ၏အသွင်ကူးပြောင်းရေး၊ ၎င်း၏ပြည်သူများနှင့် ၎င်း၏ စီးပွားရေးအခြေအနေများမှာ အလေးအနက်ထားရမည့် စိုးရိမ်ဖွယ် အနေအထားတွင် ရှိနေနိုင်ပါသည်။ တိုင်းပြည်၏ နယ်နိမိတ်အပြင်ဘက်ကို စဉ်းစားကြည့်မည်ဆိုပါက နိုင်ငံအများအပြားမှ မြန်မာနိုင်ငံသို့ တစ်ကြိမ်မျှ မရောက်ဖူးသူ ဧည့်သည်များ လာရောက်နေပြီး အထီးကျန်ဘဝမှ စတင်ရုန်းထွက်လာစအချိန်တွင် ကမ္ဘာပေါ်၌ နိုင်ငံ၏ရပ်တည်မှုပုံရိပ် ယုတ်လျော့မှုများ ဖြစ်လာနိုင်ပါသည်။

ပြီးခဲ့သည့်နှစ် ဇွန်လကစ၍ ရခိုင်ပြည်နယ်မှ စတင်ခဲ့သော မတူသော ဘာသာကိုးကွယ်သူများကြား အကြမ်းဖက်မှုများသည် တိုင်းပြည်၏ အခြားဒေသများသို့ပါ ပျံ့နှံ့သွားပြီး အများစုက ဆက်လက်ပျံ့နှံ့မည် ကို စိုးရိမ်လျက်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အာဏာပိုင်များသည် ကျူးလွန်သူများကို တင်းတင်း ကြပ်ကြပ်၊ ပွင့်လင်းမြင်သာမှုရှိရှိ အရေးယူဆောင်ရွက်ခြင်း မရှိခြင်းကြောင့် ဖြစ်ပါသည်။ သမ္မတဦးသိန်းစိန် သည် ရခိုင်ဒေသသို့ ပြီးခဲ့သည့်အပတ်က သွားရောက်စဉ် ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များကို ဘက်လိုက်မှု

ရှိခြင်းများ၊ ယုံကြည်မှုမတူသူများကို လက်ခံခြင်းမရှိခြင်းများနှင့် အကြမ်းဖက်မှုတွင် ပါဝင်ခြင်းများကို ယခုအသစ်ဖြစ်လာသော မြန်မာနိုင်ငံတွင် လက်ခံလိမ့်မည်မဟုတ်ကြောင်း ရှင်းလင်းသော သတင်းစကားကို ပြောထားခဲ့သင့်ပါသည်။

ရခိုင်ပြည်နယ်ပြင်ပတွင် အကြီးမားဆုံးဖြစ်ခဲ့သော မိတ္ထီလာမြို့အဖြစ်အပျက်တွင် ရဲတပ်ဖွဲ့၏ တုန့်ပြန်မှုမှာလည်း ပြည့်စုံလုံလောက်ခြင်း မရှိခဲ့ပေ။ မိတ္ထီလာတွင် ဒေသမှ လုံခြုံရေးတာဝန်ရှိသူများသည် ဒေါသဖြစ်နေသော လူ့အဖွဲ့အစည်းကို မတားဆီးနိုင်ရုံမျှမက ဆိုင်တွင် အငြင်းပွားနေမှုနှင့် ဘုန်းတော်ကြီးတစ်ပါးကို သတ်ဖြတ်မှုတို့ကိုပါ မတားဆီးနိုင်ခဲ့ပေ။ တရားဥပဒေစိုးမိုးမှုအပေါ်တွင် ယုံကြည်မှုနည်းပါးခြင်းကြောင့် ပြည်သူများသည် ၎င်းတို့ကိုယ်ပိုင်ဒဏ်ခတ်ခြင်းများကို ကျင့်သုံးခဲ့ရာ အသက်အန္တရာယ် စိုးရိမ်ရမှုများ၊ မပြီးနိုင်သော အကျိုးဆက်များ ဖြစ်လာနိုင်ပါသည်။

ဤနေရာတွင် အာဏာပိုင်များသည် အသင့်အနေအထားတွင် ပြင်ဆင်မထားနိုင်ခြင်းနှင့် ပြန်လည်တုန့်ပြန်ရန် နှေးကွေးရခြင်းများအတွက် အကြောင်းပြချက်တချို့ ရှိနေပါသည်။ အကြောင်းတစ်ခုမှာ အစောပိုင်းလအနည်းငယ်က လက်ပံတောင်းကြေးနီသတ္တုတွင်းတွင် ရဲတပ်ဖွဲ့၏ အလွန်အကျွံ အရေးယူဆောင်ရွက်မှုနှင့်ပတ်သက်၍ မှန်ကန်သော အကြောင်းပြချက်များပါဝင်သော ဝေဖန်မှုများကို ရဲတပ်ဖွဲ့အနေဖြင့် ခံထားရခြင်း ဖြစ်ပါသည်။ မိတ္ထီလာတွင်မူ ထိုအဖြစ်အပျက်နှင့်ခြားနားစွာ လေ့ကျင့်သင်ကြားပေးထားမှု အားနည်းပြီး၊ နိမ့်ကျသောလက်နက် တပ်ဆင်ပေးထားခြင်းခံရသော ရဲအရာရှိများသည် မန္တလေးတိုင်းဒေသကြီးတွင် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို အမှန်တကယ် ခြိမ်းခြောက်မှုဖြစ်ပေါ်လာသောအခါ ပုံမှန်လုပ်ငန်းတာဝန်ထမ်းဆောင်ရန် မစွမ်းတော့သောအခြေအနေသို့ ရောက်ရပါသည်။ ၎င်းတို့သည် တရားဥပဒေစိုးမိုးရန်၊ နိုင်ငံသားများကို အကာအကွယ်ပေးရန်၊ အကြမ်းဖက်မှုကျူးလွန်သူများကို လူမျိုးဘာသာမခွဲခြားဘဲ ဟန့်တားရန် တာဝန်များကို မထမ်းဆောင်နိုင်ခဲ့ပေ။ အဆိုပါ ဥပဒေမဲ့လုပ်ရပ်များကို တရားဥပဒေအရ အရေးယူခြင်း၊ အင်အားဖြင့် တားဆီးရမည်ဖြစ်သော်လည်း ၎င်းတို့သည် မည်သည့်အင်အားမျှ မသုံးနိုင်ခြင်းနှင့် အာဏာစက်အနည်းငယ်သာ သုံးနိုင်ခြင်းတို့ကြောင့် လူ့အသက်များ ဆုံးရှုံးရသည်အထိ ရလဒ်များ ရခဲ့ပါသည်။

ထိုသို့ မလုပ်ဆောင်နိုင်ခြင်းသည် ရဲတပ်ဖွဲ့၏ အဆင့်အတော်များများတွင် ဖြစ်ပျက်လျက်ရှိသော်လည်း၊ အဆိုပါ မပြည့်မစုံနှင့် တုန့်ပြန်မှုကို ပြင်ဆင်ရန် ထိပ်ပိုင်းတွင် စတင်လုပ်ဆောင်နေပါပြီ။ မိတ္ထီလာအဖြစ်အပျက်သည် အစိုးရအတွက် နိုးထစေရန် အချက်ပေးသံချောင်း ခေါက်လိုက်ခြင်းဖြစ်ပြီး၊ ခံယူချက်သဘောထားများလည်း စတင်ပြောင်းလဲခဲ့ပါသည်။ သို့သော် အဆိုပါ ပြောင်းလဲမှုများ မြန်ဆန်ခြင်း အလျဉ်းမရှိသေးဆိုသည်ကို ယခု သံတွဲမှ အကြမ်းဖက်မှုက ပြသနေပါသည်။ သမ္မတက စဉ်းစားဉာဏ်မရှိဘဲ၊

ကြောင်းကျိုးဆီလျော်ခြင်းမရှိသည့် ပြုမူဆောင်ရွက်မှုများကို ဥပဒေဖြင့် တင်းကြပ်စွာ အရေးယူရန် ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ရန်အတွက် အထက်အဆင့်မှစ၍ အဆင့်ဆင့် ပြင်းထန်သောအင်အားကို လိုအပ်သည်ထက် ပိုမသုံးဘဲ မြန်မာနိုင်ငံမှပြည်သူများကို အကာအကွယ်ပေးရေးကို ဦးစားပေးရန် ရှင်းလင်းပြတ်သားသည့် အမိန့်များ ပေးထားရန် လိုအပ်ပါသည်။

မွန္တလေးနှင့် စစ်ကိုင်းတိုင်းတွင် မကြာမီက အဖြစ်အပျက်တချို့အရ သတင်းအချက်အလက်ကို တွက်ဆရနိုင်သည်ဟု ထင်ပါသည်။ ရဲတပ်ဖွဲ့အပါအဝင် အာဏာပိုင်များထံမှ တုန့်ပြန်သော အချိန်အတိုင်းအတာသည် သိသာစွာတိုးတက်လာခဲ့ပါသည်။ ပုံစံတူဖြစ်ပွားသော တိုက်ခိုက်မှု၊ မတော်တဆမှုနှင့် ရောင်းဝယ်ရင်း အငြင်းပွားမှုများမှ စတင်ဖြစ်ပွားသော လူမျိုးရေးပဋိပက္ခများကို မိတ္ထီလာကကဲ့သို့ သေဆုံးမှုမျိုး၊ ပျက်စီးဆုံးရှုံးမှုမျိုး မဖြစ်အောင် ပိုမိုလျင်မြန်စွာ ကိုင်တွယ်ဖြေရှင်းလာခဲ့ပါသည်။

များစွာလုပ်ဆောင်ရန် ကျန်ရှိသေးပြီး၊ ပိုမိုကောင်းမွန်သော လေ့ကျင့်သင်ကြားပေးမှု၊ လက်နက်ကိရိယာတပ်ဆင်မှုများဖြင့် ရဲများ၏ စွမ်းဆောင်ရည်တိုးတက်ရန်မှာ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ပြင်ပမှ ပညာရှင်များ၊ အကူအညီများသည် လိုအပ်သောပြောင်းလဲမှုများကို အရှိန်မြှင့်ပေးနိုင်လိမ့်မည်ဖြစ်ပါသည်။

သို့သော် ဤခက်ခဲသော ကိစ္စရပ်ကို ဖြေရှင်းနိုင်မည့်အဖြေကို မြန်မာနိုင်ငံ၏ မြို့တိုင်း တစ်မြို့စီတွင် တွေ့ရှိနိုင်ပါသည်။ မြန်မာနိုင်ငံမှ မူဆလင်အသိုင်းအဝိုင်းသည် ကွဲပြားခြားနားမှုများရှိပြီး၊ မြို့ကြီးအားလုံး၊ မြို့ငယ်၊ ရွာများ အများစုတိုင်းတွင် တွေ့ရှိနိုင်ပါသည်။ မြန်မာနိုင်ငံမှ မူဆလင်များသည် ကာလကြာရှည်ကပင် တိုင်းပြည်၏ကူးသန်းရောင်းဝယ်ရေးဘဝနှင့် နီးကပ်စွာ ဒွေးရောယှက်တင် ရှိနေခဲ့ပါသည်။ မိတ္ထီလာမှ ပြည်သူများတွေ့ရှိရသည်မှာ မြို့၏ရောင်းဝယ်ရေးရပ်ကွက်များ ဖျက်ဆီးခံရသောအခါ အကြမ်းဖက်မှုအတွက် ငွေကြေးအရ ပေးဆပ်ရမှု များပြီး၊ ကာလရှည်ကြာ တဖြည်းဖြည်းချင်းခံစားကြရပါမည်။ မူဆလင်အသိုင်းအဝိုင်းများ အတိုက်အခိုက်ခံရခြင်းကြောင့် မိတ္ထီလာ၏ဈေးများ လျော့နည်းသွားပြီး၊ ဧည့်သည်များကို လာရောက်မှု နည်းစေပါသည်။ ထိုဒေသရှိ ငွေကြေးစနစ်နှင့် ချိတ်ဆက်မှုများပြတ်တောက်ခဲ့ရပါသည်။

ဗမာ-ဗုဒ္ဓဘာသာ အမျိုးသားရေးစိတ်ဓါတ်များမြင့်တက်လာခြင်းနှင့် ဘုန်းတော်ကြီးများဦးဆောင်သော ၉၆၉ လှုပ်ရှားမှု၏ ဩဇာလွှမ်းမိုးမှု ကြီးမားလာခြင်းတို့သည် လူထု၏ဆန္ဒကို ဘာသာရေး၏လွှမ်းမိုးမှုတွင် ပိတ်မိနေစေမည့်၊ အန္တရာယ်ကြီးသည့် အတွဲဖြစ်ပါသည်။ ၉၆၉ လှုပ်ရှားမှုသည် အခြားယုံကြည်မှုများကိုလက်ခံခြင်းမပြုရန်နှင့် မူဆလင်စီးပွားရေးလုပ်ငန်းများကို သပိတ်မှောက်ရန်ဟောပြောပါသည်။ တိုင်းပြည်ကို အာဏာရှင်အုပ်ချုပ်သည့် ကာလတစ်လျှောက် စုလာသည့် သိသိသာသာ မကျေနပ်မှုများနှင့် စိတ်ဆိုးမှုများကို လူနည်းစုတစ်ခုအပေါ် အာရုံပြုသွားစေမည့် အနုတ်လက္ခဏာဆောင်သော စည်းရုံးမှုများဘက်သို့

ဦးမလှည့်စေဘဲ ဒီမိုကရေစီ၊ စိတ်ရှည်သည်းခံမှုနှင့် သာယာဝပြောသောတိုင်းပြည်အတွက် အပေါင်းလက္ခဏာဆောင်သော အမြင်များဆီသို့ ဦးတည်ပေးရန် လိုအပ်ပါသည်။ နိုင်ငံရေးသမားများသည် ၎င်းတို့အပေါ် ထောက်ခံသူများကို မျှော်လင့်ချက်များကိုသာ ပိုမို ပေးရန်လိုအပ်ပြီး၊ မရေရာသော အချိန်များတွင် စိုးရိမ်မှုများသာ မဖြစ်စေရေးကို ပြောကြားပေးရန်လည်း လိုအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးနှင့်ဆိုင်သော အမျိုးသားရေးစိတ်ဓါတ် အသွင်ဆောင်ထားသော အမုန်းပွားစေမည့်စကားများ (hatc speech) များကို လက်ခံလာကြခြင်း မရှိအောင်လုပ်ဆောင်ရန် လိုအပ်ပါသည်။ ထိုစကားလုံးများသည် ဒီမိုကရေစီမဆန်ဘဲ၊ အကြမ်းဖက်မှုများကို အားပေးခြင်း၊ မတည်ငြိမ်မှုကို ဖြစ်စေခြင်းနှင့် များစွာလိုအပ်နေသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားနည်းစေပါသည်။ တံခါးဖွင့်ထားပြီး၊ လူမျိုးပေါင်းစုံနှင့် ဘာသာပေါင်းစုံရှိသော လူ့အဖွဲ့အစည်းတစ်ခုဆိုသည်မှာ လူအများ၏ လက်တွေ့မကျသော အိုင်ဒီယာများကို အားပေးခြင်းထက်စာလျှင် ကျွမ်းကျင်မှု၊ ဘာသာစကား၊ အရင်းအနှီးနှင့် စီးပွားရေးလုပ်နိုင်စွမ်းများဖြင့် အကန့်အသတ်ရှိနေသော လူသားအရင်းအမြစ်ထံမှ တိုးတက်မှု ရနိုင်သမျှရအောင် လုပ်ဆောင်နိုင်ခြင်း ဖြစ်ရပေမည်။

မြန်မာနိုင်ငံသည် မကြာမီ အရှေ့တောင်အာရှ အားကစားပွဲ အိမ်ရှင်ဖြစ်လာမည်ဖြစ်ပြီးနောက် အာဆီယံဥက္ကဋ္ဌလည်း ဖြစ်လာဦးမည်ဖြစ်ရာ အခြားကိစ္စများထက်စာလျှင် မူဆလင်များအပေါ် ပြုမူဆက်ဆံပုံကို အရှေ့တောင်အာရှကရော ကမ္ဘာတစ်ဝှမ်းကပါ အနီးကပ်စောင့်ကြည့်ခြင်းကို ခံနေရပါသည်။ ကမ္ဘာတစ်ဝှမ်း၏ အာရုံပြုမှုသည် မြန်မာအားကစားသမားများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သံတမန်များထံတွင်သာမကဘဲ၊ အစိုးရ၏ တိုးတက်ဖြစ်ပေါ်ဆဲစနစ်များနှင့် ထွန်းကားလာသော နိုင်ငံရေးယဉ်ကျေးမှုတို့ကိုပါ အလေးပေး ကြည့်ရှုလာကြမည်ဖြစ်ပါသည်။ လူနည်းစုများအပေါ် ပြုမူဆက်ဆံပုံသည် တိုင်းပြည်၏ ဒီမိုကရေစီကို တိုင်းတာမည့် ပေတံတစ်ခု ဖြစ်လာပါလိမ့်မည်။ ၂၀၁၁ ခုနှစ် မတ်လ အရပ်သားဦးဆောင်သော အစိုးရဖွဲ့စည်းပြီးကတည်းက အများကကြိုဆိုခဲ့ကြသည့် တံခါးဖွင့်မှုသည် ယခုအခါ နိုင်ငံတကာက အနီးကပ်စောင့်ကြည့်နေရသည့် အသစ်ဖြစ်လာသည့် အဆင့်များသို့ ရောက်ရှိနေပါသည်။ ထို့အပြင် ဒီမိုကရေစီ၊ ရဲတပ်ဖွဲ့လုပ်ငန်းများ၊ လူ့အခွင့်အရေးများနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် နိုင်ငံတကာစံများ၊ အဆင့်သတ်မှတ်ချက်များနှင့်အညီ ဖြစ်ရေးကိုလည်း ပိုမိုမျှော်လင့်လာကြပါသည်။

အားကစားသမားများ၊ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ သတင်းစာဆရာများနှင့် တိုးရစ်များသည် မြန်မာနိုင်ငံသို့ သွားရောက်ရန် လက်မှတ်များ ကြိုတင်မှာယူနေကြပြီဖြစ်ရာ မြန်မာနိုင်ငံအကြောင်းကို မရေတွက်နိုင်သည့် နိုင်ငံခြားသားများက ပိုမိုသိလာကြတော့မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ၎င်းတို့စိတ်ထဲတွင် ထင်ကျန်နေမည့် ပုံရိပ်သည် အပေါင်းလက္ခဏာဆောင်လေမလား။ အနုတ်လက္ခဏာဆောင်

လေမလား။ ရာ၊ထောင်ချီသော ပြည်သူများသည် ဤတိုင်းပြည်က မည်သို့လုပ်ဆောင်သည်ဆိုသည်ကို ကိုယ့်ကိုယ်ကို ပြန်ကြည့်ကြလိမ့်မည်။ သန်းပေါင်းများစွာကလည်း ရုပ်မြင်သံကြားကြည့်၍ အလေးပေးဂရုပြု စောင့်ကြည့်နေကြပါလိမ့်မည်။

ဤကဲ့သို့သော အချိန်မျိုးတွင် ခေါင်းဆောင်မှုသည် ရှင်းလင်းပြတ်သားရန် လိုအပ်ပြီး၊ ရဲတပ်ဖွဲ့ကလည်း ဖိနှိပ်ခြင်းမရှိဘဲ၊ ခိုင်မာစွာ အားကောင်းလာရန်လိုပါသည်။ နိုင်ငံရေးအရ နာမည်ကျော်ပုဂ္ဂိုလ်များနှင့် ဘာသာရေးခေါင်းဆောင်များသည် ၎င်းတို့ပြောကြားမည့်စကားကို သေချာစွာ စဉ်းစားသင့်ပါသည်။ ၎င်းတို့၏စကားလုံးတစ်လုံး၊ စာပိုဒ်ငယ်တစ်ခု၊ လှုပ်ရှားမှုနှင့် တစ်ခါတစ်ရံ မည်သူမျှလုပ်ဆောင်ခြင်းမရှိမှုများကို သေချာစွာ စောင့်ကြည့်လာကြပါသည်။ မည်သို့မျှ ထုတ်ဖော်ပြောကြားခြင်းမရှိသူများနှင့် တိတ်ဆိတ်နေသူများကိုလည်း သတိပြုမိလာပါသည်။

အကယ်၍ ဤနေရာတွင် မြန်မာနိုင်ငံသည် မှားယွင်းသော လုပ်ဆောင်မှုရှိခဲ့ပါက လူတိုင်းသည် မိမိတို့အလိုရှိသောအရာများ မရရှိဘဲ ဆုံးရှုံးမှုများ ရှိလိမ့်မည်ဖြစ်ပါသည်။ အကြမ်းဖက်သော၊ မတည်ငြိမ်သော၊ အယူမှားယွင်းသော နိုင်ငံမျိုးကို မည်သည့်ဧည့်သည်မျှ မလာရောက်လို။ မည်သည့်ရင်းနှီးမြှုပ်နှံမှုမျှလည်း လာရောက်ကြလိမ့်မည် မဟုတ်ပေ။ အကယ်၍ မြန်မာနိုင်ငံသည် မှန်ကန်သော လမ်းကြောင်းကို လျှောက်လှမ်းမိပါက ဆုလာဒ်များ ရရှိနိုင်မည်ဖြစ်ပြီး၊ ဆုတံဆိပ်များ၊ ချီးကျူးမှုများ၊ ခရီးသည်များနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသည့် ပုံစံမျိုးဖြင့်သာမက မိမိနယ်နိမိတ်အတွင်း ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုကိုပါ ခံစားရရှိလာနိုင်မည်ဖြစ်ပါသည်။

(ရေးသားသူ Jim Della – Giacoma သည် International Crisis Group (www.crisisgroup.org) ၏ အာရှပရိုဂရမ် ဒါရိုက်တာ ဖြစ်ပါသည်။ ICG ၏ အစီရင်ခံစာဖြစ်သော The Dark side of Transition : Violence against Muolims in Myanmar ကို အောက်တိုဘာ ၁ ရက်နေ့က ထုတ်ဝေခဲ့ပါသည်)